truemoney

# TrueMoney သည် မြန်မာနိုင်ငံရဲ့ ငလျင်ဘေးသင့်ပြည်သူများအတွက် မတည်ငွေ ထိုင်းဘတ်ငွေ ၁ သန်းနှင့်အတူ ဒေသတွင်း အလှူငွေကောက်ခံမှု အစီအစဉ် အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခြင်း




**ရန်ကုန်၊ မြန်မာ - ၂၀၂၅ ခုနှစ်၊ မေလ** - အရှေ့တောင်အာရှ ထိပ်တန်း ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့် TrueMoney မှ မြန်မာနိုင်ငံတွင် မကြာသေးမီက ဖြစ်ပွားခဲ့သော ငလျင် နှင့်ပတ်သက်၍ ငလျင်ဘေးသင့်ခံစားခဲ့ရသော ပြည်သူများအား ကူညီရန် ဒေသတွင်းလှူဒါန်းမှု အစီအစဉ်တစ်ရပ်ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ TrueMoney မြန်မာ၊ ထိုင်းနှင့် ကမ္ဘောဒီးယား ရုံးခွဲများမှ ပူးပေါင်းမတည်ငွေ ထိုင်း ဘတ် ၁ သန်း နှင့်အတူ TrueMoney မိသားစုများ၊ ကိုယ်စားလှယ်များနှင့် အသုံးပြုသူများမှ ပါဝင်လှူဒါန်းခဲ့ကြပါသည်။ ယခုလို လှုပ်ရှားမှုသည် အရေးပေါ်အခြေအနေတွင် စုပေါင်းအင်အားဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မှု၏ အရေးပါပုံကို ပိုမိုမြင်သာစေခဲ့ပါသည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့အထိ ဆောင်ရွက်ခဲ့သော ဤလှူဒါန်းမှုတွင် TrueMoney ၏ ဒီဂျစ်တယ်ငွေပေးချေခြင်း ဝန်ဆောင်မှုကို အသုံးပြုပြီး လှူဒါန်းမှုများကို လွယ်ကူစွာ ပြုလုပ်နိုင်ခဲ့သည်။ လှူဒါန်းရရှိငွေ စုစုပေါင်းကို ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (MRCS) တို့ထံ လွှဲပြောင်းပေးအပ်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် လိုအပ်သောနေရာများတွင် ထောက်ပံ့ကူညီနိုင်စေရန် ဖြန့်ဖြူးပေးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ ငလျင်ထူထောင်ရေးအတွက် လှူဒါန်းရေး လှုပ်ရှားမှုသည် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့တွင် ပြီးဆုံးခဲ့သော်လည်း ထိုင်းနိုင်ငံရှိ TrueMoney မှ ၂၀၂၅ ခုနှစ်၊ မေလ အလယ်အထိ လှူဒါန်းမှုများကို လက်ခံထားရှိခဲ့ပြီး ရရှိထားသော လှူဒါန်းငွေများကိုလည်း ထိုင်းကြက်ခြေနီအသင်း (TRCS) ထံသို့ တိုက်ရိုက်လွှဲပြောင်းကာ မြန်မာနိုင်ငံ ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီပေးခဲ့ပြီးဖြစ်ပါသည်။

**TRUEMONEY MYANMAR COMPANY LIMITED**
Mimosa Building, 3rd floor, (196/A), West Shwe Gong Daing
5th Street, Bahan Township, Yangon.
**TEL: +95 (0) 9-969 519 999.**

TrueMoney ၏ ဥက္ကဋ္ဌ Mr. Tanyapong Thamavaranukupt မှ "ယခုလို လုပ်ရှားမှုဟာ TrueMoney ရဲ့ လူသားချင်း စာနာထောက်ထားမှု နဲ့ အရေးကြုံလာတဲ့အချိန်မှာ စည်းလုံးညီညွတ်မှု ရဲ့ အရေးကြီးတဲ့ အခန်းကဏ္ဍကို ဖော်ပြနေတာပဲ ဖြစ်ပါတယ်။ ထိုင်း၊ မြန်မာ၊ ကမ္ဘာဒီးယား မှ ဝန်ထမ်းများ၊ ကိုယ်စားလှယ်ကြီးများနဲ့ အသုံးပြုသူများအနေနဲ့ နယ်နိမိတ်ဖြတ်ကျော် စုပေါင်းလှူဒါန်းနိုင်ခြင်းဟာလည်း နည်းပညာရဲ့ အရေးပါမှုကို ဖော်ပြနေသလို အခက်အခဲများကို တစ်သားတည်းရပ်တည်ဖြေရှင်းနိုင်စွမ်းကိုလည်း ပြသနေတာဖြစ်ပါတယ်” ဟု ကျေးဇူးတင်စကား ပြောကြားခဲ့ပါသည်။

ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံ အမှုဆောင်အရာရှိချုပ် Mrs. Frandara Khuon မှ “ကျွန်မတို့ရဲ့ နည်းပညာကို အသုံးပြုပြီး လူထောင်ပေါင်းများစွာကို ကူညီနိုင်ခဲ့တာဟာ ဂုဏ်ယူစရာကောင်းတဲ့ ကိစ္စတစ်ခုပါ။ ဒီအရာဟာ လှူဒါန်းမှု တစ်ခုဆိုတာထက် အနည်းအများပမာဏမဆို ထည့်ဝင်လှူဒါန်းခြင်းက ကြီးမားသော ပြောင်းလဲမှုကြီးတစ်ရပ်ကို ဖြစ်စေတယ်ဆိုတာကိုလည်း သက်သေပြနေပါတယ်” ဟု ဖြည့်စွက် ပြောကြားခဲ့သည်။

TrueMoney မြန်မာ၏ အမှုဆောင်အရာရှိချုပ် ဦးထွန်းထွန်းလင်းမှလည်း "ယခုအဖြစ်အပျက်ဟာ မြန်မာနိုင်ငံသားများရဲ့ အံ့မခန်း ရင်ဆိုင်နိုင်စွမ်းနဲ့ ခံနိုင်ရည်အားကို ပြသနေတာဖြစ်ပြီး ကျွန်တော်တို့အနေနဲ့လည်း ယခုလို သာတူညီမျှ ရပ်တည် ကူညီခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ရရှိထားတဲ့ လှူဒါန်းမှုတွေကို ကယ်ဆယ်ရေးနဲ့ ကူညီထောက်ပံ့မှုလိုအပ်တဲ့နေရာတွေမှာ မျှဝေလှူဒါန်းသွားမှာဖြစ်ပါတယ်။ ယခုလှူဒါန်းမှုမှာ ပါဝင်ကူညီပေးခဲ့ကြတဲ့ တစ်ဦးတစ်ယောက်ချင်းစီကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်” ဟု ပြောကြားခဲ့ပါသည်။

TrueMoney သည် ၎င်း၏ ဒစ်ဂျစ်တယ်ဂေဟစနစ်ကို အသုံးပြုပြီး လူမှုအကျိုးပြုလုပ်ငန်းများ ပိုမို ဆောင်ရွက်နိုင်စေရန် နှင့် အရှေ့တောင်အာရှတွင် အကောင်းဆုံး ဒစ်ဂျစ်တယ်ငွေကြေး ဝန်ဆောင်မှုလုပ်ငန်းတစ်ခုအဖြစ်ရပ်တည်နိုင်စေရန် အစဉ်အမြဲကြိုးစားလျက်ရှိပါသည်။ ဤလှုပ်ရှားမှုသည် စီးပွားရေးလုပ်ငန်းရှင်များ၊ သုံးစွဲသူများနှင့် လူမှုအသိုက်အဝန်းများ အတူပူးပေါင်းဆောင်ရွက်ခြင်းမှ တစ်ဆင့် အဓိပ္ပာယ်ရှိသော ပြောင်းလဲမှုများ ဖန်တီးနိုင်ကြောင်းကိုလည်း ဖော်ပြနေပါသည်။

—ပြီး—

**TRUEMONEY MYANMAR COMPANY LIMITED**
Mimosa Building, 3rd floor, (196/A), West Shwe Gong Daing
5th Street, Bahan Township, Yangon.
**TEL: +95 (0) 9-969 519 999.**

**TrueMoney Myanmar အကြောင်း**

TrueMoney Myanmar Co., Ltd ကို အရှေ့တောင်အာရှဒေသတွင်း ဒစ်ဂျစ်တယ်ငွေကြေးကဏ္ဍတွင် ဦးဆောင်လျက်ရှိသော Ascend Money Group ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် စတင်တည်ထောင်ခဲ့ပါသည်။ TrueMoney သည် မြန်မာနိုင်ငံတစ်ဝှမ်း ကိုယ်စားလှယ်ပေါင်း ၃၀,၀၀၀ ကျော်ရှိပြီး ဖုန်းငွေဖြည့်ခြင်း၊ ဘေလ်ပေးဆောင်ခြင်း၊ ပြည်တွင်း၊ ပြည်ပ ငွေလွှဲ၊ ငွေထုတ်ခြင်း အစရှိသော ငွေကြေးဝန်ဆောင်မှုများအား ပေးအပ်လျက်ရှိပါသည်။ TrueMoney သည် ယခုလို ဝန်ဆောင်မှုများမှတစ်ဆင့် ဘဏ်နှင့်အလှမ်းဝေးသော၊ ဘဏ်ဝန်ဆောင်မှုများ ရယူရန်မလွယ်ကူသော ပြည်သူများအတွက် အထောက်အကူပြုစေနိုင်ရန် နှင့် လိုအပ်ချက်များကို ဖြည့်စည်းနိုင်စေရန် ရည်ရွယ်ပါသည်။ TrueMoney သည် မြန်မာ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် အရေးပါသော ဒစ်ဂျစ်တယ် ငွေပေးချေမှု ဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ ထိုင်းနိုင်ငံ CP Group ၏ ဒစ်ဂျစ်တယ်ငွေကြေးလုပ်ငန်းခွဲ၊ Ascend Money ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် TrueMoney သည် ဒေသတစ်ဝှမ်းရှိ လူမှုအသိုက်အဝန်းများအတွက် ယုံကြည်စိတ်ချရသော၊ ခေတ်မီဆန်းသစ်သော ငွေကြေးဝန်ဆောင်မှုများပေးနိုင်အောင် ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

ဆက်သွယ်ရန်

ကိုကောင်းထက်

Senior Digital Marketing Officer, TrueMoney Myanmar

kaunghtet@ascendcorp.com

၀၉၇၆၀၂၅၅၂၁၇